# တုံးကျော်ကျေးရွာ

# တမူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# (၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တုံးကျော်ကျေးရွာ၊ တမူးမြို့နယ်

(တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မှ ကူညီရေးဆွဲသည်)

Asiyin( PC)

# မာတိကာ

မာတိကာ

စကားချီး

သံယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၂။ သဘာဂအရင်းအမြစ်များ

၃။ လူဦးရေဆိုင်ရာအချက်အလက်များ

၄။ စီးပွားရေးအခြေအနေ

၅။ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၆။ ကျန်းမာရေးနှင့် အာဟာရ

၇။ ပညာရေးနှင့် ကျွမ်းကျင်မှုများ

၈။ ကျား–မရေးရာ

၉။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၁၀။ သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

၁၁။ ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

၁၂။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၁၃။ အခြေခံအဆောက်အဦ– လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမီမှု

၁၄။ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၁၅။ ဆောင်ရွက်မည့် နည်းဗျူဟာ

၁၆။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

# တုံးကျော်ကျေးရွာ သယံဇာတပြ မြေပုံ



# တုံးကျော်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှ (၂၀၂၀-၂၀၂၅) ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦး ဆုံးသော ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်ရေးဆွဲထား သည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း ဆောင်ရွက်နိုင် ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော မြို့နယ် စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့် သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့်နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်း များကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေ ရှာကြသည့် နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်း ပို့ချဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အကူအညီ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိက ဖော်ပြ ထားပြီး အပိုင်း(၂) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်း များ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တမူးမြို့နယ်

Asiyin( PC)

## အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (က)နိဒါန်း

၁။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီ အစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

၂။ ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များ နှင့် အဟန့်အတားဖြစ်စေသောအချက်များအပေါ်အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက် မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

### (ခ) ရည်ရွယ်ချက်

၃။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါ သည်။

### (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄။ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်

မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား**

ကျေးရွာသည် တမူး-စေတီ ကားလမ်းမကြီးပေါ်ရှိ မင်းသာကျေးရွာမှအရှေ့ဘက်တွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အုပ်ချုပ်ရေးရုံး စိုက်ရာ တမူးနှင့်ဆက်သွယ်ရေးလွယ်ကူသည်။ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်လက္မ (၈၀)မှ(၁၀၀) အတွင်းရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်သင့်တော်သည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး ယူးချောင်းသည် ကျေးရွာ၏မြောက်ဘက် မှ အရှေ့မြောက်ဘက် သို့ ဦးတည် စီးဆင်းသည်။ နှစ်စဉ်ရေးကြီးရေလျှံ လျက်ရှိသော်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိသ လောက် နည်းပါးပါသည်။

**သဘာဝအရင်းအမြစ်များ**

လယ်၊ယာ၊မြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီကောင်းမွန်သည်။ သဘာဝ သယံဇာတထွက်ရှိမှုမရှိပါ။ တောင်သူအချို့မှာ နမ့်တီဆင်းဒေသန္တရဆည်မှ ဆည်ရေဖြင့် (၄၃၉) ဧကခန့် စိုက်ပျိုးရေရှိသည်။ မြေအောက်ရေအသုံးပြုမှုမရှိပါ။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကမှာ (၉၈၈.၄၇) ဧကရှိပြီးစပါး၊မုံညှင်း၊နှမ်း စိုက်ပျိုးနိုင်သည့်ဧကမှာ (၈၈၀.၅၁)ရှိပါသည်။

**လူဦးရေဆိုင်ရာအချက်လက်များ**

အိမ်ထောင်စုပေါင်း(၁၇၃)စုနှင့် ကျား(၄၉၂)၊မ(၄၇၅)ဦးဖြင့်လူဦးရေပေါင်း (၉၆၇) ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျှမ်းမျှ(၅.၆)ဦးနှုန်းရှိ၍ နိုင်ငံတော်မှ သတ်မှတ်ထားသည့် ပျှမ်းမျှလူဦးရေ နှုန်းထက်အနည်းငယ် ပိုများပါသည်။ ကျေးရွာတွင် ချင်းလူမျိုးများနေထိုင်ပြီး ကျေးရွာလူဦးရေ၏ (၅၀%)ခန့်သည် အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သဖြင့် လူသား အရင်းအမြစ် ကောင်းမွန်ကာ လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် ဆောင် ရွက်နိုင်သည်။

**စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စု၏(၂၁%)သည် ဆင်းရဲနှင့်ဆင်းရဲအလွန်အဆင့်အဖြစ်ခံယူပြီး (၂၀%)သည်ချမ်းသာသည့်အဆင့်၊ (၂၅%)သည် အလယ်အလတ် အဆင့်ရှိသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင်လယ်၊ယာ၊မြေပိုင်ဆိုင်မှု၊ လက်လုပ်မီးမှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု ဆည်ရေသွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် စီးပွားရေးအနေအထား အသင့်အတင့် ကောင်းမွန်သည်။

## ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားလာသော်လည်း လယ်ယာလုပ်ငန်း၊ လက်လီ အိမ်ဆိုင်လုပ်ငန်း၊ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများကြောင့် အလုပ်အကိုင်ရှိကြသည်။ ဆင်းရဲ နှင့်အလွန်ဆင်းရဲအိမ်ထောင်စုအချို့သည် သူတစ်ပါးထံမှချေးငှားပြီးမှ နပ်မှန်အောင် စားသောက် နိုင်ကြသည်။ ဆင်းရဲနွမ်းပါးထိခိုက်လွယ်သောအိမ်ထောင်စုများလည်း အနည်းငယ်ရှိပါသည်။

## ကျန်းမာရေးနှင့် အာဟာရ

ရွာသူရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီးအာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီး ပိုင်းတို့သည်လည်းတကိုယ်ရေသန့်ရှင်းရေး ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသူရွာ သားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာတွင်ရရှိပြီး မြို့နယ်ဆေးရုံသို့ လည်း အလွယ်တကူသွားလာကုသနိုင်သည်။

ကျေးရွာတွင်လက်တွင်းတူးတိမ်များသာအသုံးပြုသော်လည်း ကျိုချက်သောက်သုံးသော အလေ့အထရှိသဖြင့် ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရသည်။

## ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာ သား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကိုတတ်မြောက်ကြပါသည်။ တက္ကသိုလ် ပညာရေးတက်ရောက်နေသူ အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏အခြေခံပညာရေးအား ကျေးရွာ ရှိ မူလတန်း၊ အလယ်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။

သို့သော်အသက်မွေးဝမ်းကျောင်း ပညာကျွမ်းကျင်မှုမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

## ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင်ကျားမဆိုင်ရာကိစ္စများတွင်လွတ်လပ်မှုရှိပြီး လူ့အဖွဲ့အစည်းစံနှုန်းအရ တာဝန် ယူမှုရှိပါသည်။ ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံခံရမှု မတွေ့ရပါ။

ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်ပညာရေးနှင့် အခြားနယ်ပယ်များတွင်ယေဘု ယျအားဖြင့် အခွင့်အရေးတူညီစွာရရှိသည်။

နေ့ထွက်လုပ်အားခတွင်အမျိုးသားများကအမျိုးသမီးများထက် လုပ်အားခငွေပိုမိုရရှိသည်။ ဥပမာအားဖြင့်လုပ်ငန်းသဘာဝ အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသားများထက် လုပ်အားခလျော့နည်းကြသည်။ အုပ်ချုပ်ရေးတွင်အမျိုးသမီးပါဝင်မှုနည်းပါးပါသည်။ အသိပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက်အထောက်အ ပံ့ဖြစ်လာနိုင်သည်။

## ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၂)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁) ဖွဲ့ရှိသည်။ ယင်းအဖွဲ့များအနက်လူမှုရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သော မိခင်နှင့်ကလေး၊အမျိုးသမီး ရေးရာအဖွဲ့အစည်းများလှုပ်ရှားဆောင်ရွက်မှုနည်းသည်။ ဓမ္မပရဟိတအသင်းမှာနာရေးကိစ္စအပါ အဝင် လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီးလှုပ်ရှားမှုအားကောင်းသည်။အဆိုပါအဖွဲ့အ စည်းများချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားများနှင့် ပါဝင်ပါတ်သတ်၍ အားနည်းကြပြီးစွမ်းဆောင်ရည်ဖြင့်သင်တန်းများဖွင့်လှစ်ပေးနိုင်ပါက ပိုမိုကောင်းမွန်တိုးတက်လာ နိုင်ပါသည်။

## သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးကိုအဓိကစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၄၀၀) ဧကခန့်ရှိပြီး ပျမ်း မျှ(၆၀)တင်းမျှထွက်ရှိသည်။ မုံညှင်းစိုက်ဧက (၃၀၀)၊ နှမ်းဧက (၁၅၀)နှင့် မြေထောက်ပဲဧက (၃၀)ခန့်စိုက်ပျိုးပြီး မုံညှင်းပျမ်းမျှတစ်ဧက (၁၀)တင်း၊ နှမ်း(၁၁)တင်း၊ မြေတောက်(၁၂)တင်းခန့် ထွက်ရှိသည်။ ဝက်မွေးမြူသူအိမ်ထောက်စုမှာ တစ်ရွာလုံး၏ ဝန်းကျင်သာရှိပြီး ဒေသဝက် မျိုးသာမွေးမြူကြသည်။ ဆင်းရဲသောအိမ်ထောင်စုများအနေဖြင့် မွေးမြူရေးဆောင်ရွက်ရန်၊ လုပ်ငန်းတိုးချဲ့ရန် ချေးငွေအလွယ်တကူမရရှိခြင်းများရှိသည်။

## စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားငွေရလုပ်ငန်းအဖြစ် နေ့စားအလုပ်၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းများဖြစ်သည်။ လက်လုပ် လက်စားများမှာစိုက်ပျိုးရေးရာသီတွင်သာ ဝင်ငွေမှန်ပြီးကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ပေ။ရွာသားအများစုမှာ သက်မွေးဝမ်းကျောင်းလုပ်ငန်းသင်တန်းများနှင့် အထိအတွေ့ နည်းပါးပြီး လုပ်ငန်းခွင်သုံးပညာအနည်းငယ်နိမ့်ကျခြင်း၊ လုပ်ငန်းထူထောင်ရန် မတတ်နိုင်ခြင်း များရှိကြ သည်။

**ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင်လယ်ယာစိုက်ခင်းများ၌ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓါတ်မြေသြဇာ သုံးစွဲမှုများမရှိသဖြင့်မြေဆီလွှာအရည်သွေး ကျဆင်းနိုင်မှုမရှိပါ။ ကျေးရွာတွင်ပလပ်စတစ်အိတ်ခွံ၊ ပုလင်းဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများမြင့်တင်ဆောင်ရွက်ပေးသင့်သည်။ ၂၀၁၅ မိုးတွင်းတွင် လယ်ယာမြေများရေကြီး၍ အတန်အသင့်နစ်မြုပ်ခဲ့သော်လည်း ကျေးရွာမှာကုန်းမြင့်တွင်ရှိသောကြောင့် ရေကြီးရေလွှမ်းခြင်းမှ ကင်းလွတ်ပါသည်။

**ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကိုမြန်မာ နှစ်အတိုးနှုန်း(၆.၅၀) ကျပ်နှုန်းဖြင့်တစ်ဧက (၁၅၀၀၀၀) ကျပ်နှုန်းဖြင့်အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ပါသည်။ ကျေးရွာတွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံ ကိန်းအဖွဲ့ဖွဲ့စည်းပေးပြီး အဖွဲ့ဝင်(၁၃၁)ဦးရှိကာ ၀.၅% အတိုးနှုန်းဖြင့်ငွေချေးနိုင်ကြသည်။ အဖွဲ့တွင် ချေးငွေကို(၁၂)အထိချေးယူနိုင်သော်လည်းကဏ္ဍအလိုက်သာချေးပေးခြင်းဖြစ်သည်။ အကြွေးတင်ရှိမှုအနေအထားလေ့လာဆန်းစစ်ချက် အရ ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင် စုများသည ပြတခြားမှချေးယူထားကြောင်း တွေ့ရှိရ ပါသည်။

**ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

မူလတန်းကျောင်းကို သွပ်မိုး ၊ အုပ်နံရံကာ နှင့် အင်္ဂတေအခင်းကျောင်းဆောင်နှင့် အလယ်တန်းကျောင်းကို (၁၂၀)ပေ၊ (၃၀)ပေ၊ (၁၂)ပေ သွပ်မိုး၊ အုတ်နံရံကာ အင်္ဂဒေအခင်းကျောင်းတွင်သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ်၊ ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၅%) မှာ ဘုန်းကြီးကျောင်း ပညာရေးကို ရရှိထားကြသည်။ ဆရာအင်အားလုံလောက်မှုရှိပါသည်။

အိမ်ထောင်စုအများစုမှာ ယင်လုံအိမ်သာ များအသုံးပြုပြီး ကျောင်းအိမ်သာများမှာလည်း ကောင်းမွန်ကြောင်း ကျောင်းသူ/ကျောင်းသားများ အတွက်အဆင်ပြေစွာအသုံးပြုနိုင်ပါသည်။

**အခြေခံအဆောက်အဦ – လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမှီမှု၊**

ရွာတွင်းလမ်း မှာမြေသားလမ်းဖြစ်ပြီးကား၊ သုံးဘီး၊ ဆိုင်ကယ်များ အသုံးပြုလျက်ရှိသည်။ ကျေးရွာတွင်ဆိုလာမီးကိုသာအသုံးပြုသည်။ မိုဘိုင်းကွန်ယက်၊ အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ရှိပြီး သတင်းနှင့်ဆက်သွယ်ရေး အတွက်ကောင်းမွန်ပါသည်။

**ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းမြစ်များအတွက်လိုအပ်သလိုဆက်သွယ်အသုံးပြုနိုင်ကြပါသည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်သဖြင့် ရာဇဝတ်ပြစ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

**ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

ကျေးရွာတွင်လျှပ်စစ်မီးကို ဆိုလာမီးမှ ရရှိသဖြင့် ဖုန်းအားအလွယ်တကူသွင်းနိုင်ခြင်း၊ ရုပ်မြင်သံကြားဖွင့်လှစ်ကြည့်ရှုနိုင်ခြင်း၊ ကျောင်းသားကျောင်းသူများအတွက်စာဖတ်ချိန်ပိုမိုရရှိခြင်း စသောအထောက်အပံ့များ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ် အသင့်အတင့်ရှိပြီး လူဦးရေအားလုံး၏(၅ဝ%) မှာ အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်များဖြစ်ကြသော်လည်း ဘွဲ့ရပညာတတ်နည်းပါး သဖြင့်မိရိုးဖလာလယ်ယာလုပ်ငန်းသာ လုပ်ကိုင်ကြပါသည်။ အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူ့စွမ်းအားတိုးတက်ကောင်းမွန်စေနိုင်သည်။ ကျန်းမာရေး အခြေအနေကောင်းမွန်ကြပြီး ပံ့ပိုးပစ္စည်းများ၊ ဝန်ဆောင်မှုများ လက်လှမ်းမှီကြပါသည်။ ကျေးရွာ စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိ အနေအထားတွင်ကောင်းမွန်ပါသည်။

လယ်ယာထွက်ပစ္စည်းများမှာ လွယ်ကူစွာရောင်းဝယ်နိုင်ခြင်းသဘာဝရင်းမြစ်မြေဆီသြဇာကောင်းမွန်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကြောင်းတွေ့ရပါသည်။ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ နွား၊ ကျွဲများ တပိုင်တနိုင် မွေးမြူခြင်းအားနည်းပညာအကူအညီတိုးမြင့်ရန်လိုအပ်ပါသည်။

ကျေးရွာအတွင်းတည်ငြိမ်အေးချမ်းမှုကြောင့်ကူးသန်းရောင်းဝယ်မှုကောင်းမွန်သည်။ မိုဘိုင်းဖုန်း၊ အင်တာနက်သုံးနိုင်သဖြင့် သတင်းအချက်အလက်တွက်ချိတ်ဆက်အသုံးပြုနိုင်သည်။

**အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအဆင့်အတန်းကောင်းမွန်သော်လည်း အောင်ရေရရှိနိုင်မှုနည်းပါးခြင်း၊ ဆည်ရေလုံလောက်စွာမရရှိခြင်း တို့ကြောင့် အထွက်နှုန်းကျဆင်းပါသည်။ အခြားသယံဇာတများထွက်ရှိမှုမရှိပါ။ ဆည်နှင့်ရေသွင်းမြောင်းများပြုပြင်ပေးသင့်ပါသည်။

မွေးမြူရေးတွင် နည်းပညာနည်းပါးသောကြောင့် တနိုင်တပိုင်မွေးမြူရန်အခက်အခဲရှိပါသည်။ ရွာတွင်အလယ်တန်းကျောင်းသာရှိသဖြင့် အထက်တန်းပညာသင်ကြားယူရန်စီးပွားရေးအခြေခံမကောင်းပါကသင်ယူတတ်မြောက်မှုရရန်ခက်ခဲကြောင်းတွေ့ရပါသည်။

ရွာတွင်းလမ်းအချို့မှာ မြေသားလမ်းဖြစ်၍မိုးဥတုတွင် ရေဝပ်ခြင်း၊ ပျက်စီးခြင်းများကြောင့် သွားလာရန်ခက်ခဲခြင်းများတွေ့ရပါသည်။

**ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက်ဖွံ့ဖြိုးရေးပန်းတိုင်များကိုချမှတ်ပါသည်။

စိုက်ပျိုးရေး – ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေးနည်းပညာများ လေ့လာခြင်း၊ မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်း၍ ဝင်ငွေတိုးတက်စေရမည်။

ပညာရေး – ပညာရေးမှတဆင့် ကလေးသူငယ်များဉာဏ်ရည်တိုးတက်စေရမည်။

ကျန်းမာရေး – ကျေးလက်ကျန်းမာရေးဆေးပေးခန်းများ ဖွံ့ဖြိုးပြီးတတ်ကျွမ်းသည့်ဆရာ၊ဆရာမ များရရှိ၍ကျန်းမာရေးဝန်ဆောင်မှုတိုးတက်ရရှိစေရမည်။

မွေးမြူရေး – တိမွေး/ကုဇါနည်းပညာအကူညီဖြင့်မွေးမြူရေးလုပ်ငန်းများတိုးတက်စေရမည်။

**ဆောင်ရွက်မည့်နည်းဗျူဟာ**

အထက်ဖော်ပြပါကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များရောက်ရှိရန် အောက်ပါအကောင်ထည်ဖော်မှု များဆောင်ရွက်သွားကြမည်။

ကျေးရွာအတွင်းရင်းနှီးငွေ၊နည်းပညာများ နည်းပညာအသုံးချနိုင်စွမ်းရရှိရေးဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားမည်။ ရင်းနှီးငွေရရှိရန် အသေးစားငွေကြေးလုပ်ငန်းဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ နေရာများနှင့်ဆက်သွယ်ဆောင်ရွက်သွားမည်။

ကျေးရွာတွင် မူကြိုကျောင်းတဆောင်ဆောက်လုပ်၍ ကလေးငယ်များဉာဏ်ရည်ထက်မြက်စေရန် ဆောင်ရွက်မည်။

ရွာတွင်းလမ်းများ အခြေခံအဆောက်အဦးများကောင်းမွန်ရေးအတွက် ဆောင်ရွက်မည်။ ကျေးရွာလူမှုအဖွဲ့အစည်းများ အခြေပြု၍လုပ်ငန်းများအကောင်အထည်ဖော်ကာစီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်တိုက်တွန်းဆောင်ရွက်သွားမည်။

# ကျေးရွာ၏ဦးစားပေးစီမံချက်များ

.........တိုးကျော်............ကျေးရွာ တမူးမြို့နယ်

| စဉ် | စီမံချက်များ | ရမှတ် | အဆင့် |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းသဲကျောက်ခင်းခြင်းစီမံချက် | ၁၀၀ | ၁ |
| ၂ | ကျေးရွာတွင်း ခန်းမဆောင်လိုအပ်ခြင်း | ၈၅ | ၂ |
| ၃ | ဆိုလာမီးရရှိရေးစီမံချက် | ၈၀ | ၃ |
| ၄ | ကျောင်းဝင်းအတွင်းအဝီစိရေတွင်းရရှိရေးစီမံချက် | ၆၅ | ၄ |
| ၅ | အ.လ.က(ခွဲ)တိုးကျော် ဝန်ထမ်းအိမ်ယာရရှိရေးစီမံချက် | ၅၀ | ၅ |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |
| ၁၃ | | | |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |

## (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် စီမံချက်၏ အချိန်ဇယား ကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သည်များကိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ် လည်ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံကိန်း | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းလမ်းသဲကျောက်ခင်းခြင်း စီမံချက် | ၁ | √ | - | - | - | - |
| ၂။ ကျေးရွာတွင်း ခန်းမဆောင် ဆောက်လုပ်နိုင်ရေးစီမံချက် | ၂ | - | √ | - | - | - |
| ၃။ ဆိုလာမီးရရှိရေးစီမံချက် | ၃ | - | - | √ | - | - |
| ၄။ ကျောင်းဝင်းအတွင်းအဝီစိရေတွင်းရရှိရေး စီမံချက် | ၄ | - | - | - | √ | - |
| ၅။ အ.လ.က(ခွဲ)တုံးကျော် ဝန်ထမ်းအိမ်ယာရရှိရေးစီမံချက် | ၅ | - | - | - | - | √ |
| | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၈ | ၆ | ၁၄ | |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၅၁ | ၄၆ | ၉၇ | |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၇၃ | ၆၈ | ၁၄၁ | |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၈၆ | ၈၈ | ၁၇၄ | |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၂ | ၂၄၉ | ၅၀၁ | |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၁၈ | ၄၀ | |
| **စုစုပေါင်း လူဦးရေ** | | **၄၉၂** | **၄၇၅** | **၉၆၇** | |
| **စုစုပေါင်း အိမ်ထောင်စု –** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ –** | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက် များကိုကောက်ယူရာ အလုပ်လုပ်ကိုင်နိုင်သူလူဦးရေများပြားပါသည်။ ကျေးရွာတွင် ကျား ဦးရေမှာ မ ဦးရေ ထက် အနည်းငယ် ပိုများပါသည်။**

……………………………………………………………………………………………..

……………………………………………………………………………………………..

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| **၁** | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၀ | | ၁၉၀ | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | ၂ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | ၁ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | | ၇ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | ၂ | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| | **စုစုပေါင်း** | | | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ကြက်ဝက်များကို အိမ်တိုင်းလိုလိုတစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ တခြားကျပန်းလုပ်ကိုင်သူများလည်းရှိပါသည်။ စိုက်ပျိုး ရိတ်သိမ်းရာသီ တွင်သာ လုပ်ငန်းများရှိ၍ထိုရာသီကုန်လျှင်လုပ်ငန်းများမရှိပါ**

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ | နေ့စား | | | မရှိ | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

**(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးချိန်တွင် တစ်ကေလျှင်အနည်းဆုံး (၂၅၀၀၀) မှ အများဆုံး (၃၀၀၀၀) ထိရရှိသည်။ နေ့စားလုပ်အားခမှာ တစ်နေ့လျှင်အနည်းဆုံး (၃၅၀၀) ကျပ်မှ (၄၀၀၀) ကျပ်ထိရရှိသည်။**

…………………………………………………………………………………………………..

…………………………………………………………………………………………………..

…………………………………………………………………………………………………..

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၄၀၃ | သင့် | အနည်းအကျဉ်း | |
| ယာမြေ /တောင်ယာ | ၃၀၂ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၈၆ | သင့် | မရ | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| အခြား | | | | |
| စုစုပေါင်း | | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား–ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက် ။ ။ လယ်စိုက်ခင်းများသည် ရေသွင်းစိုက်ပျိုးနိုင်သောဧကများဖြစ်သည်။ စိုက်ပျိုးလယ်များတွင် ပိုက်ရေတွင်းများ တူးဖော်ထားသောကြောင့်သွင်းရန်ရေလိုသော အချိန်တွင်ရနိုင်ပါသည်။ရေတွင်းတူးလျှင်ပေ(၂၀၀)အနက်တူးပါကရေအလိုအလျောက်ထွက်ရှိလာပြီးရေစုပ်စက်သုံးရန်မလိုပါ၊သဘာဝရေလျှံတွင်းများဖြစ်ပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | ခက် |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဓာတ်သတ္တုနှင့် သဘာဝရင်းမြစ်များထွက်ရှိခြင်းမရှိပါ။

…………………………………………………………………………………………

…………………………………………………………………………………………

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | | | | |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အိမ်အခြေအနေ | သွပ်မိုး၊နံကပ် | သွပ်မိုး၊ပျဉ်ထောင် | ထရံကာ၊ သက်ကယ် | ထရံကာ၊ သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ခြွေလှေ့၊လက်တွန်းရိတ်စက်၊ရေစုပ် | လက်တွန်း၊ ရေစုပ် | လက်တွန်း၊ ရေစုပ် | - |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊လက်တွန်းထွန်စက် | ကျွဲ၊နွား၊ဆိုင်ကယ် | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ယာ စိုက်ပျိုးရေး | လယ်၊ယာ စိုက်ပျိုးရေး | - | ကျဘမ်း |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု - | ( %) | ( %) | ( %) | ( %) |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက် ။ ။** အလွန်ဆင်းရဲသော အိမ်ထောင်စု မရှိပါသဖြင့် ဝင်ငွေ ထွက်ငွေ အသင့်တင့်မျှတမှုရှိပါသည်။

……………………………………………………………………………………………

……………………………………………………………………………………………

**(၁.၅) ထိခိုက်လွယ်မှု**

**(၁.၅.၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၂ | | ချေးငှား |
| ၃ လနှင့် ၆ လအောက် | ၁၆ | | စားသုံးရန်အတွက်ချေးယူ |
| ၆လ မှ ၁၂ လ အထိ | ၁ | | ဝင်ငွေရအလုပ်လုပ်ကိုင်ရန် |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရိတ်သိမ်းရာသီမရောက်ခင် ကြိုတင်၍လုပ်အားခထုတ် ယူ၍ ရာသီချိန်ရောက်မှလုပ်အားဖြင့်ပြန်ပေးဆပ်ခြင်းနည်း**

……………………………………………………………………………………………

……………………………………………………………………………………………

………………………………………………………………………………………………………..

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အထူးစောင့်ရှောက်မှုလိုအပ်သော အိမ်ထောင်စု (၂) စု ရှိပါသည်။

………………………………………………………………………………………………………..

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | စပါးသီးနှံတစ်မျိုးထဲသာစိုက်ပျိုးသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | နိမ့် | မိုးကောင်းစွာရွာ |
| ၃ | ရေကြီးခြင်း | လတ် | တစ်ခါတစ်ရံဖြစ် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးများသောအရပ်ဖြစ် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ရေခဲလောက်အောင်အအေးလွန်ကဲခြင်းမရှိပ ါ၊ |
| ၆ | မုန်တိုင်း | နိမ့် | မုန်တိုင်းရှိသော်လည်း၄၅%အောက်ရှိ |
| ၇ | လျှော်ပင် | နိမ့် | တစ်ခါတစ်ရံသာလှုပ် |
| ၈ | မီးဘေး | နိမ့် | တောမီးကြို့တင်ကာကွယ်ခြင်းမရှိ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်ရေဝင်ရောက်မှုမရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | ယူးချောင်းရေဝင်ရောက်မှုကြောင့်သဲနုန်းဝင်ပြ ပြင်းရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | လယ်၊ယာ၊မြေတိုးချဲ့ခြင်း၊ အိမ်ယာတည်ဆောက်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ခြင်ထောင်ထောင်အိပ်စက်မှုရှိ |
| ၁၃ | တီဘီရောဂါ | လတ် | တီဘီဆေးသောက်ပြီးသူများနောက်တစ်ကြိ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | မ် ဆေးဝါးသောက်နေရခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | အဟာရအသိပညာပေးမှုအားနည်း |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ရာသီဉ တုဖောက်ပြန်မှုအားနည်းသောကြေ ာင့် |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | လမ်းပန်းဆက်သွယ်ကောင်းသောကြောင့် |
| ၁၉ | အခြား | | မရှိ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လေပြင်းမုန်တိုင်းများတိုက်ခတ်လေ့ရှိသည်။ အချိန်အခါမဟုတ်

မိုးရွာသွန်းမှုလည်းနှစ်စဉ်နှစ်တိုင်းလိုလိုဖြစ်ပွားတတ်သည်။

……………………………………………………………………………………………..

……………………………………………………………………………………………..

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | လယ်၊ယာလုပ်ငန်းတွင်အချိန်ကုန်အလုပ် လုပ် နေရခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | အိမ်ခြေ၂၂၆တွင်၃ဦးလောက်သာရှိ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | အိမ်ခြေ၂၂၆တွင်မြေယာမဲ့လူဦးရေး၆ဝရှိ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | ကူးစက်ရောဂါဖြစ်ပွားမှုမရှိပါ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မြစ်နှင့်အတော်ဝေး |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | မြို့နှင့်အတော်ဝေးသောကြောင့်မတော်တ ဆမှုမရှိပါ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | ကျေးရွာတွင်မသင့်မြတ်မှုရှိခြင်း |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မြေပြန့်ဒေသဖြစ်နေခြင်းကြောင့် |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ငါးကန်ပိုင်ရှင်သီးသန့်မရှိခြင်း |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | ရာသီအလိုက်အလုပ်လုပ်ကိုင်နေရခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | လူမျိုးတစ်မျိုးတည်းနေထိုင်ခြင်း |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | မရှိ | ဆူပူသောင်းကျန်းသူများမရှိခြင်း |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | နယ်စပ်နှင့်ဝေးနေခြင်း |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | ရွှေထွက်မှုမရှိခြင်း |
| ၁၅ | ဆေးစွဲသူများ | မရှိ | လူကြီးမိဘများဆုံးမစကားနားထောင်ခြင်း |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူမ ျား | နိမ့် | ကျေးရွာတွင်တီဘီရောဂါသည်များမရှိ |
| ၁၇ | လုည့်လည်သွားလာ၍ဈေးရောင်းသူများ | မရှိ | အိမ်၌သာရောင်းချမှုရှိခြင်း |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | ယာယီရွှေ့ပြောင်းလုပ်ကိုင်သူမရှိခြင်း |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မရှိ | ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ခြင်း |
| ၂၀ | ကားသမား | နိမ့် | ရှိ |
| ၂၁ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေကျေးရွာတွင်မရှိပါ။

……………………………………………………………………………………………

……………………………………………………………………………………………

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအ ဖွဲ့ | ၂ | ၉ | | ၉ | လူမှုရေး | ၄ | ၆ |
| ၂ | နာရေးကူညီမှုအဖွဲ့ | ၂ | ၁၀ | ၁၀ | ၂၀ | လူမှုရေး | ၄ | ၇ |
| ၃ | လူငယ်အဖွဲ့ | ၂ | ၁၃ | ၁၂ | ၂၅ | လူမှုရေး | ၄ | ၇ |
| ၄ | | | | | | | | |
| ၅ | | | | | | | | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သာရေးနာရေးကိစ္စများကို လူငယ်အဖွဲ့မှ အားတက်တရောလုပ်ကိုင်ပေးလေ့ရှိသည်။ ဘာသာရေးကိစ္စရပ်များတွင်လည်း တစ်ရွာလုံး တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြပါသည်။..............................................................................**

**.........................................................................................................................................................**

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ကျေးရွာတွင် မရှိပါ။

………………………………………………………………………………………………

**(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၂.၂.၁) သီးနှံထုတ်လုပ်ရေး**

**(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၀ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၃ | | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃၉ | | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၅၉ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၇၃ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်သူမှာ အိမ်ထောင်စုအားလုံး၏ ၃၀%**

**ဝန်းကျင်သာရှိပါသည်။အများစုမှာလက်လုပ်လက်စားများဖြစ်ကြပါသည်။**

……………………………………………………………………………………………..

……………………………………………………………………………………………..

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | | ရာသီအလိုက် | မရှိ |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက် ။ ။ လယ်ယာမြေများအတွက် ချောင်းရေကို အဓိကထားသုံးစွဲပြီး ရေလုံလောက်မှုရှိပါသည်။**

**(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၉၈၈.၄ | တင်း | ၅၀ | ၇၀ | ၆၀ | | | လတ် | လတ် | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| | ၇ | | | | | | | | | |
| မုံညှင်း | ၅၈၀.၅၁ | တင်း | ၈ | ၁၂ | ၁၀ | | | လတ် | လတ် | |
| နှမ်း | ၂၅၀ | တင်း | ၈ | ၁၅ | ၁၁ | | | လတ် | လတ် | |
| မြေထောက်ပဲ | ၅၀ | တင်း | ၁၀ | ၁၆ | ၁၂ | | | လတ် | လတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ စပါးသီးနှံသည် အထွက်များသည့်အတွက်အထွက်ဈေးအသင့်ရှိသည်။ မုံညှင်းသီးနှံ သည်အထွက်နည်းသည့်အတွက်အထွက်ဈေးနှုန်းအသင့်ရှိသည်။ မြေတောက်သီးနှံသည် ဈေးအသင့်ရှိသည့်အ တွက်အထွက်နည်းသည်။**

**(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| **ထွန်စက်** | | | | | | | |
| **လက်တွန်းထွန်စက်** | ၂၀ | | | | | | |
| **အစေ့ချ ကိရိယာ** | | | | | | | |
| **ရိတ်သိမ်းခြွေလှေ့စက်** | | | | | | | |
| **ရိတ်သိမ်းစက်** | ၃ | | | | | | |
| ခြွေလှေ့စက် | ၅ | | | | | | |
| ရေစုပ်စက် | ၈ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| **မြက်ရိတ်စက်** | ၂ | | | | | | |
| **အခြား** | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

